# “လွယ်ကူမြန်ဆန်စွာ ကမ္ဘောဇဘဏ်ရဲ့အခမဲ့ဝန်ဆောင်မှုရယူပါ” Campaign ၏စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

၁။ “လွယ်ကူမြန်ဆန်စွာ ကမ္ဘောဇဘဏ်ရဲ့အခမဲ့ဝန်ဆောင်မှုရယူပါ” Campaign ကာလကို ၂၀၂၄ခုနှစ် ဩဂုတ်လ (၁) ရက်နေ့ မှ ၂၀၂၄ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့ အထိကျင်းပမည် ဖြစ်သည်။

၂။ Campaign ကာလအတွင်း ကမ္ဘောဇဘဏ်၏ Customer များသည် ငွေသားထည့်သွင်းခြင်း နှင့်ပတ်သက်သည့် အထူးအခွင့်အရေးများကို ရရှိမည်ဖြစ်ပါသည်။ ၎င်းတို့မှာ -

- Current Account သို့ ငွေသားထည့်သွင်းခြင်း၊
- မည်သည့် ဘဏ်အကောင့်ကိုမဆို သိန်း ၅၀၀ နှင့်အထက် ငွေသားထည့်သွင်းခြင်း နှင့်ပတ်သက်သော လုပ်ဆောင်ချက်များကို အထူးကင်းလွတ်ခွင့်/သက်သာခွင့်များ ရရှိနိုင်မှာဖြစ်ပါသည်။ အောက်တွင်ဖော်ပြထားသော အပိုဒ် (၃)နှင့် အပိုဒ် (၄)တွင် အထူးကင်းလွတ်ခွင့်/ သက်သာခွင့်များကို အသေးစိတ်ဖော်ပြထားပါသည်။

၃။ Customer များသည် မည်သည့် Current Account ကိုမဆို ငွေသားထည့်သွင်း အပ်နှံပါက ငွေသွင်း ဝန်ဆောင်မှုများကို ဝန်ဆောင်ခ ၁၀၀% အခမဲ့ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၄။ Customer များသည် မည်သည့် ဘဏ်စာရင်း (Current Account မှလွဲ၍) ကိုမဆို ငွေသားနဲ့ငွေသွင်း သည့်အခါတွင် ကျပ်သိန်း ၅၀၀ နှင့်အထက်ဖြစ်ပါက ဝန်ဆောင်ခကို ပေးသွင်းငွေ၏ ၀.၀၁ % + ကျပ် ၅၀၀ သာပေးဆောင်ရမည်ဖြစ်ပါသည်။

၅။ ဤCampaign အစီအစဉ်ကာလအတွင်း အထက်ပါ အပိုဒ် (၃) နှင့် အပိုဒ်(၄) တွင်ဖော်ပြထားသော လုပ်ဆောင်ချက်များမှလွဲ၍ အခြားသော လုပ်ဆောင်ချက် များမှာ ဘဏ်မှကောက်ခံလျက်ရှိသော သတ်မှတ်ချက်များအတိုင်းသာ ဖြစ်သည်။

၆။ ၎င်းCampaign နှင့်ပတ်သက်သည့် အထူးသက်သာခွင့်များကို ကမ္ဘောဇဘဏ်ခွဲများတွင် ရယူနိုင်ပါသည်။

၇။ ကမ္ဘောဇဘဏ် ဝန်ထမ်းများသည် ဤCampaignတွင် ပါဝင်သည့် Customerများ အား ဆက်သွယ်ပြီး ၎င်းတို့၏ OTP သို့မဟုတ် PIN နှင့်ပတ်သက်သည့် မည်သည့်သတင်းအချက် အလက်ကိုမျှ တောင်းခံမည် မဟုတ်ပါ။

၈။ ဤCampaignကာလအတွင်း မည်သည့်လိမ်လည်လှည့်ဖြားမှုမျိုးကိုမျှ ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားပါသည်။ လိမ်လည်မှုအား မည်သည့်ပုံစံမျိုးဖြင့်မဆို ကျူးလွန်သည်ဟု သံသယဖြစ်ခြင်း ခံရသည့် မည်သူ့ကိုမဆို ကမ္ဘောဇဘဏ် က ပယ်ဖျက်ခြင်း နှင့်/သို့မဟုတ် ပိတ်ပင်ခြင်းပြုလုပ်ပိုင်ခွင့်ရှိသည်။

၉။ ဤCampaignနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ် Customer နှင့် ကမ္ဘောဇဘဏ် တို့အကြား အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုအား ကမ္ဘောဇဘဏ် ၏ တာဝန်ရှိသူများမှ ပြဋ္ဌာန်းဥပဒေအရ Customerများ၏ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးအား ထိခိုက်နစ်နာမှုမရှိစေရန် သေချာစွာစိစစ်၍ ဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်သည်။

၁၀။ ကမ္ဘောဇဘဏ် သည် မည်သည့်အချိန်တွင်မဆို တစ်စုံတစ်ရာသော အကြောင်းကြောင့် အသိပေး အကြောင်းကြားနိုင်ခြင်းမရှိဘဲ သတ်မှတ်ထားသော စည်းမျဉ်း နှင့် စည်းကမ်းများကို ပြင်ဆင် ပြောင်းလဲခြင်း၊ ရပ်စဲခြင်း နှင့်၊ သို့မဟုတ် Campaignအား ပယ်ဖျက်ခွင့် နှင့် Campaign နှင့်ပတ်သက်သော အကျိုးခံစားခွင့် သို့မဟုတ် သွင်ပြင်လက္ခဏာများအား ပြောင်းလဲခွင့် နှင့်၊ သို့မဟုတ် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပိုင်ခွင့် တို့အား အခြေအနေအရ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၁။ ကမ္ဘောဇဘဏ် အနေဖြင့် တစ်စုံတစ်ရာသောအကြောင်းကြောင့် အသိပေးအကြောင်းကြားနိုင်ခြင်းမရှိဘဲ ဤCampaignအား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း (သို့မဟုတ်) စည်းကမ်းချက်တစ်စုံတစ်ရာ ပြောင်းလဲခြင်းကြောင့် ကမ္ဘောဇဘဏ် Customerများအနေဖြင့် လျော်ကြေးတစ်စုံတစ်ရာ ရပိုင်ခွင့်မရှိသည်ကို သိရှိသဘောတူပါသည်။

၁၂။ ကမ္ဘောဇဘဏ် နှင့် သက်ဆိုင်သော ပုံမှန်စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များလည်း အကျုံးဝင် စေရမည်။

၁၃။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့် အညီ အဓိပ္ပါယ်ဖွင့်ဆိုရမည်။

၁၄။ ကမ္ဘောဇဘဏ် သည် COVID-19 ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ သို့မဟုတ် ကမ္ဘောဇဘဏ် အနေဖြင့် ထိန်းချုပ်၍ မရသော အခြေအနေနှင့်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များ ဖြစ်ပေါ်မှု ကြောင့်ဖြစ်စေ ဆောင်ရွက် ထားသည့် မည်သည့်လုပ်ဆောင်မှုမျိုး ကိုမဆို အခြေအနေအရပ်ရပ်ပေါ်မူတည်၍ ပြောင်းလဲခွင့်ရှိပါသည်။ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ ဖြစ်ပျက်နေစဉ်ကာလအတွင်း ကမ္ဘောဇဘဏ် မှ ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ် အနေဖြင့် ကမ္ဘောဇဘဏ် Customerများ အပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး အပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

၁၅။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ရေးသား ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက် မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးဖြင့် ရေးသားထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှု တစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာ ဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုသာလျှင် အမှန်ယူမည် ဖြစ်သည်။